# ဘုရားသခင်က လွယ်လွယ်ကလေး ကယ်တင်ပေးပုံ (ရှင်လုကာ မှ)

## ၁။ အားလုံး အပြစ်သားပါ။

လုကာ ၅း၃၁-၃၂ `ယေရှုကလည်း ကျန်းမာသောသူတို့သည် ဆေးသမားကို အလိုမရှိကြ။ နာသောသူတို့သာလျှင် အလိုရှိကြ၏။ ဖြောင့်မတ်သောသူတို့ကို နောင်တသို့ခေါ်ခြင်းငှါ ငါလာသည်မဟုတ်။ ဆိုးသောသူတို့ကိုခေါ်ခြင်းငှါ ငါလာသတည်းဟု မိန့်တော်မူ၏။´

လုကာ ၁၈း၁၉ `ယေရှုက ငါ့ကိုကောင်းမြတ်သည်ဟု အဘယ်ကြောင့်ခေါ်သနည်း။ ဘုရားသခင်တပါးတည်းသာ ကောင်းမြတ်တော်မူ၏။




တို့အားလုံး အပြစ်သားပါ။

## ၂။ အပြစ်အတွက် ပေးဆပ်စရာရှိပါတယ်။

လုကာ ၁၆း၁၅ `ယေရှုကလည်း သင်တို့သည် လူများရှေ့မှာ ဖြောင့်မတ်ဟန်ဆောင်သော်လည်း ဘုရားသခင်သည် သင်တို့၏စိတ်နှလုံးကို သိမြင်တော်မူ၏။ လူ့သဘောအားဖြင့် အမြတ်ထားသောအရာသည် ဘုရားသခင့်ရှေ့တော်၌ စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။´

လုကာ ၉း၅-၆ `ထိုသူတို့နေရာမြို့မှ ထွက်သွားစဉ် သူတို့တဖက်၌ သက်သေဖြစ်စေခြင်းငှါ သင်တို့၏ခြေဖဝါးမှ မြေမှုန့်ကို ခါလိုက်ကြလော့ဟု မိန့်တော်မူ၏။ တပည့်တော်တို့သည် ထွက်သွား၍ ဧဝံဂေလိတရားကိုဟောလျက် ခပ်သိမ်းသောအရပ်တို့၌ အနာရောဂါကိုငြိမ်းစေလျက် မြို့ရွာတို့တွင် ဒေသစာရီလှည့်လည်ကြ၏။´

## ၃။ အပြစ်တွေအတွက် သခင်ယေရှုခရစ်တော် အသေခံပေးခဲ့ပါပြီ။

လုကာ ၁၈း၁၃ `အခွန်ခံမှုကား အဝေးကရပ်၍ ကောင်းကင်သို့ မမြော်မကြည့်ဝံ့ဘဲ ရင်ပတ်ကိုခတ်လျက်၊ အိုဘုရားသခင်၊ အပြစ်များသော အကျွန်ုပ်ကို သနားခြင်းကရုဏာစိတ်ရှိတော်မူပါဟု ဆုတောင်းလေ၏။´

လုကာ ၁၉း၁၀ `လူသားသည် ပျောက်သောသူတို့ကိုရှာ၍ ကယ်တင်အံ့သောငှါ ကြွလာသတည်းဟု ဇက္ခဲကို မိန့်တော်မူ၏။´

လုကာ ၂၄း၄၆ `ဤသို့ကျမ်းစာလာ၏။ ဤသို့ခရစ်တော်သည် အသေခံ၍ သုံးရက်မြောက်သောနေ့၌ သေခြင်းမှ ထမြောက်ရမည်။´



**အပြစ်ရှိသူတွေအတွက် ခရစ်တော် အသေခံခဲ့ပြီ**

## ၄။ ကယ်တင်တာက အခမဲ့ပါ။ ကိုယ်ကောင်းတာလုပ်လို့ မဟုတ်ဘူး။ ဘုရားသခင်ပြောတဲ့အတိုင်း သခင်ယေရှုတပါးတည်းကို အားကိုးပါ။

ဖေက် ၂း၈-၉ ` ဖေက် ၂း၈-၉ `ယုံကြည်သောအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းသို့ ရောက်ရ၏။ ကိုယ်အလိုအလျောက် ရောက်သည်မဟုတ်။ ဘုရားသခင် သနားတော်မူရာဖြစ်သတည်း။ ကိုယ့်ကုသိုလ်ကြောင့် ကယ်တင်တော်မူခြင်းသို့ ရောက်သည်မဟုတ်။ သို့ဖြစ်၍ အဘယ်သူမျှ ဝါကြွားစရာ အခွင့်မရှိ။´

တိတု ၃း၅ `ငါတို့ကျင့်သော ဖြောင့်မတ်ခြင်းအကျင့်အားဖြင့် မဟုတ်ဘဲ၊ မိမိသနားခြင်း ကရုဏာတော်နှင့်အညီ၊ ဒုတိယမွေးခြင်းနှင့်ဆိုင်သော ဆေးကြောခြင်းအားဖြင့်၄င်း၊ သန့်ရှင်းသော ဝိညာဉ်တော်၏ အသစ်ပြုပြင်ခြင်းအားဖြင့်၄င်း၊ ငါတို့ကို ကယ်တင်တော်မူ၏။ ´

တမန် ၄း၁၂ ` ထိုသခင်၏ နာမတော်မှတပါး ငါတို့ကို ကယ်တင်နိုင်သောနာမ တစုံတခုမျှ ကောင်းကင်အောက် လူတို့တွင် မပေါ်မရှိ။´

## ၅။ အကယ်ခံရဖို့ သခင်ယေရှုကို ယုံကြည် အားကိုးပါ။

လုကာ ၁၈း၁၇ ` ငါအမှန်ဆိုသည်ကား၊ အကြင်သူသည် ဘုရားသခင်၏နိုင်ငံတော်ကို သူငယ်ကဲ့သို့ မခံမယူ၊ ထိုသူသည် နိုင်ငံတော်သို့ မဝင်ရ။´

**ရောမ ၁၀း၉-၁၀၊ ၁၃** `သင်သည် သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကိုသေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ရောက်ခြင်းငှါ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။ ကယ်တင်ခြင်းသို့ရောက်ခြင်းငှါ နှုတ်ဖြင့် ဝန်ခံရ၏။ - ထာဝရဘုရားကို ပဌနာပြုသောသူ ရှိသမျှတို့သည် ကယ်တင်တော်မူခြင်းသို့ ရောက်ရကြလတံ့။´

*အခုလို ရိုးရိုးကလေး ဆုတောင်းနိုင်ပါတယ်။ ဒီလိုဆုတောင်းတာက အကယ်ခံရဖို့ သခင်ယေရှုကို အားကိုးကြောင်း ဘုရားသခင်ကို ပြောလိုက်တာပါပဲ။ သခင်ယေရှုကို ယုံကြည် အားကိုးတာနဲ့ အကယ်ခံရတာပါ။*

ဘုရားသခင်-
ကျွန်တော်/ကျွန်မဟာ အပြစ်တွေ လုပ်ခဲ့ပါတယ်။ အပြစ်ဒဏ်ခံထိုက်ပါတယ်။ ဒါပေမယ့် သခင်ယေရှုက ကိုယ်စားအသေခံပေးပြီး ၃ ရက်မြောက်တဲ့နေ့မှာ အသက်ရှင်ပြန်ခဲ့ပါတယ်။ ယုံကြည်ပါတယ်။ အပြစ်ခွင့်လွှတ်တော်မူပါ။ သေရင် ကောင်းကင်ရောက်ဖို့ မ,စ တော်မူပါ။ အာမင်။